# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 18 , 2022 Volume 52, Number 12

**၁၈.၃.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၅ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၂၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၄၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၆၆.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၀.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၃၅.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၁.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၂၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၃၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၃၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၃.၃၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၃၈၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် အလွယ်တကူသယ်ဆောင်သွားနိုင်သည့် ငွေထည်ပစ္စည်းများကို ပြည်တွင်းဈေးကွက်အတွက်သာ ထုတ်လုပ်လျက်ရှိ



Source: ရတနာပုံသတင်းစာ

အမှတ်တရ လက်ဆောင်ပစ္စည်းဈေးကွက်တွင် အလွယ်တကူ သယ်ဆောင်သွားနိုင်သည့် ငွေထည်ပစ္စည်းများကို ပြည်တွင်းဈေးကွက်အတွက်သာ ထုတ်လုပ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်မှ ငွေထည်လုပ်ငန်းပိုင်ရှင် ဦးအောင်ကျော်ဦးက ပြောပြ၍သိရသည်။

ငွေထည်ပစ္စည်းများကို ကမ္ဘာနှင့်ယှဉ်ပြီးလုပ်နိုင်သည့် 3D ပုံစံမျိုးရုပ်လုံး ရုပ်ကြွများ၊ ဇာတ်တော်ကြီးများ ထုလုပ်ရောင်းချလျက်ရှိပြီး ကမ္ဘာနှင့်ယှဉ်ကြည့်ပါက မြန်မာလက်ရာမှာ ကျော်ကြားကြောင်း၊ အဆိုပါ ကျော်ကြားသည့်လက်ရာများကို ထိထိရောက်ရောက် ရောင်းဝယ်နိုင်ပါက ငွေပန်းထိမ်လုပ်ငန်း ပြန်လည်ဦးမော့လာနိုင်သည့် အနေအထားရှိကြောင်း သိရသည်။ “ငွေထည်လုပ်ငန်းဈေးကွက်က ကျဉ်းမြောင်းရတဲ့ အနေအထားက ပြည်တွင်းမှာဆိုရင် ငွေထည်ထက် ကြေးထည်ကိုပိုသုံးကြတဲ့ အပြင် ပြည်ပကျတော့လဲ ကန့်သတ်ချက်ရှိတဲ့အတွက် အထည်ကြီးတွေကို ဝယ်ယူဖို့ အခက်အခဲရှိတယ်။ ဒါကြောင့် အမှတ်တရလက်ဆောင် ပစ္စည်းအနေနဲ့ပဲ ဈေးကွက်ရှိတယ်။ အလွယ်တကူ သယ်ဆောင်သွားနိုင်တဲ့ အရွယ်အစားအထိ ပြည်ပကဝယ်ယူသူတွေ ဝယ်ယူနိုင်တဲ့အနေအထားရောက်ရင်တော့ ဈေးကွက်အခြေအနေက ပြောင်းသွားနိုင်ပါတယ်။ လက်ရှိကတော့ ပြည်တွင်းဈေးကွက်အတွက်ပဲ အမှတ်တရလက်ဆောင်ပစ္စည်းအနေနဲ့ ထုတ်လုပ်နေပါတယ်”ဟု ဦးအောင်ကျော်ဦးက ပြောပြသည်။

မြန်မာလက်မှုငွေထည်ပစ္စည်းများအနေဖြင့် ပင်ကိုအရပင်လျှင် ကုန်ကြမ်းတန်ဖိုးကြီးခြင်း၊ အချိန်ကာလကြာမြင့်စွာ သင်ယူမှသာ တတ်မြောက်လာသည့် လက်မှုပညာဖြစ်ခြင်း၊ လက်မှုပညာရှင်တို့၏ လုပ်အားခကြီးမြင့်ခြင်း စသည်တို့ကြောင့် ထုတ်ကုန်ပစ္စည်းများလည်း ဈေးနှုန်းမြင့်မားကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ကြက်သွန်ဖြူဈေးကျဆင်းလာသော်လည်း ဝယ်လိုအားများနေ



**Source:** ရတနာပုံသတင်းစာ

ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသအတွင်း၌ စိုက်ပျိုးထွက်ရှိသည့် ကြက်သွန်ဖြူများသည် မတ် ၁၄ ရက်မှ ၁၅ ရက်အထိ နှစ်ရက်တာကာလအတွင်း ဈေးအနည်းငယ်ကျဆင်းလာသော်လည်း ဝယ်လိုအားများနေ၍ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း အောင်ပန်းမြို့ရှိ အောင်ပြည့်စုံကြက်သွန်ဖြူပွဲရုံမှသိရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသအတွင်း၌ စိုက်ပျိုးထွက်ရှိသည့် ကြက်သွန်ဖြူများသည် ယခင်နှစ်ကထက် အထွက်နှုန်းပိုမိုများပြားလာခြင်း၊ ယခုရက်ပိုင်းအတွင်း အောင်ပန်းမြို့ရှိ ကြက်သွန်ဖြူပွဲရုံများသို့ တင်ပို့မှုများနေခြင်းကြောင့် ဈေးအနည်းငယ်ကျဆင်းလာသော်လည်း ဝယ်လိုအားများနေကြောင်း သိရသည်။

“မနှစ်ကထက် ကြက်သွန်ဖြူက အထွက်နှုန်းတိုးလာတယ်။ ပြီးတော့ ဒီသုံးရက်၊ လေးရက်အတွင်း ပွဲရုံတွေကို ကြက်သွန်ဖြူအဝယ်များနေတယ်။ ဒါကြောင့် ဈေးအနည်းငယ်ကျလာတယ်။ ဒါပေမဲ့ ဝယ်လိုအားများနေတော့ တောင်သူတွေအတွက် အဆင်ပြေတာပေါ့။ ဈေးကလဲတအားကြီး ထိုးကျသွားတာမျိုး မဟုတ်ဘူး။ ဈေးကတစ်ပတ်အတွင်း ပြန်တက်လာမဲ့ အလားအလာရှိတယ်”ဟု အောင်ပြည်စုံကြက်သွန်ဖြူပွဲရုံပိုင်ရှင် ဦးစည်သူလင်းက ပြောပြသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ကြက်သွန်ဖြူဈေးကွက်တွင် မတ် ၁၄ ရက်မတိုင်မီက ကြက်သွန်ဖြူအကြီးတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ၊ ကြက်သွန်ဖြူအသေးတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဈေးရှိခဲ့သော်လည်း မတ် ၁၄ ရက်မှ ယနေ့ထိ ကြက်သွန်ဖြူအကြီးတစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၊ ကြက်သွန်ဖြူအသေးတစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ ဈေးရှိနေကြောင်း သိရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ကြက်သွန်ဖြူများကို ညောင်ရွှေ၊ ရပ်စောက်၊ အင်တော၊ ပင်းတယ၊ ဟဲဟိုး၊ ကလော၊ ဆီဆိုင်၊ ပင်လောင်း၊ ဟိုပုန်းစသည့်ဒေသများတွင်စိုက်ပျိုးပြီး အောင်ပန်းမြို့ရှိ ကြက်သွန်ဖြူပွဲရုံများသို့ တင်ပို့ရောင်းချကာ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ပြန်လည်တင်ပို့ရောင်းချကြကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## လက်ရှိဘဏ္ဍာနှစ် ငါးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဝန်ဆောင်မှုကဏ္ဍတွင် ဒေါ်လာ ၂၀၆ သန်းဖြင့် အများဆုံးဖြစ်ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ၌ ဒုတိယနှင့် ဆောက်လုပ်ရေးကဏ္ဍတွင် တတိယအများဆုံး ဝင်ရောက်

လက်ရှိဘဏ္ဍာနှစ် ငါးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဝန်ဆောင်မှုကဏ္ဍတွင် ဒေါ်လာ ၂၀၆ သန်းဖြင့် အများဆုံးဖြစ်ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ဒုတိယနှင့်ဆောက်လုပ်ရေးကဏ္ဍတွင် တတိယအများဆုံး ဝင်ရောက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍဖြစ်သော လယ်ယာကဏ္ဍတွင် ဒေါ်လာ ၅ ဒသမ ၀၄၃ သန်း၊ မွေးမြူရေးနှင့်ငါးလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၉ ဒသမ ၃၅၀ သန်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၃၈ ဒသမ ၆၃၇ သန်း၊ စွမ်းအင်ကဏ္ဍတွင် ရင်းနှီး မြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၂၀ ဒသမ ၅၈၄ သန်း၊ ဆောက်လုပ်ရေးကဏ္ဍတွင် ဒေါ်လာ ၆၅ သန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၄၅ ဒသမ ၆ သန်း၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၃၀ ဒသမ ၄၉၇ သန်းနှင့် ဝန်ဆောင်မှုကဏ္ဍတွင် ရင်းနှီး မြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၂၀၆ ဒသမ ၀၆၄ သန်းဖြင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၅၃၀ ဒသမ ၇၇၅ သန်း ဝင်ရောက်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၃၁၂၁ သန်းကျော်ဖြင့် အများဆုံးဖြစ်ပြီး စက်မှုကဏ္ဍတွင် ဒေါ်လာ ၂၈၆ သန်းကျော်ဖြင့် ဒုတိယအများဆုံးဖြစ်ကာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ဒေါ်လာ ၁၃၃ သန်းကျော်ဖြင့် တတိယအများဆုံးဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က သတင်းထုတ်ပြန်ထားသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အစည်းအဝေး ခုနစ်ကြိမ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး ၇၄ ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုလုပ်ငန်း ၂၂ ခု၊ အတည်ပြုလုပ်ငန်း ၂၆ ခု၊ စုစုပေါင်း ၄၈ ခုရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ ဒေါ်လာ ၃၇၉၁ ဒသမ ၃၉၈ သန်းခွင့်ပြုခဲ့သည်။

အဆိုပါလုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုလုပ်ငန်း ၂၂ ခု၊ အတည်ပြုလုပ်ငန်းလေးခုကို ခွင့်ပြု ပေးခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီများက အတည်ပြုလုပ်ငန်း ၂၂ ခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါ လုပ်ငန်းများက ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၃၉၅၆ ဦး ကို ဖန်တီးပေးခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၃၁၂၁ ဒသမ ၃၂၃ သန်းဖြင့် အများဆုံးဖြစ်ပြီး စက်မှုကဏ္ဍတွင် ဒေါ်လာ ၂၈၆ ဒသမ ၀၂၃သန်းဖြင့် ဒုတိယအများဆုံးဖြစ်ကာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် ဒေါ်လာ ၁၃၃ ဒသမ ၅၀၀ သန်းဖြင့် တတိယအများဆုံးဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုကော်မရှင်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ကျန်ကဏ္ဍများမှ အခြားဝန်ဆောင်မှုကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွား ကဏ္ဍ၊ စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် အိမ်ရာအဆောက်အအုံ တည်ဆောက်မှုကဏ္ဍတို့တွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ခဲ့သည်။

အထူးစီးပွားရေးဇုန်ဥပဒေအရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၁၀၂ ဒသမ ၀၆၃ သန်းဖြစ်သည်။ ထို့ကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်းနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၃၈၉၃ ဒသမ ၄၆၁ သန်းဖြစ်သည်။

**Source:** https://news-eleven.com/article/227620

## မန္တလေးတိုင်းဒေသကြီး ဆိုင်ကယ်ဈေးကွက်နှင့်ကားဈေးကွက်

မန္တလေး ဆိုင်ကယ်ဈေးကွက်အတွင်း ယခင်ပတ်များက အရောင်းအဝယ်အေးနေခဲ့သော်လည်း ယခုအခါ ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်နိုင်ငံထုတ် နောက်ဆုံးမော်ဒယ်ဘီးများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ယခုတစ်ပတ် ဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ် အော်တိုဂီယာနောက်ဆုံး မော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၂၆ သိန်းမှ ၃၅ သိန်း၊ အခြားဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၂၅ သိန်းခန့် ဈေးပေါက်နေပြီး နောက်ဆုံးမော်ဒယ် မဟုတ် သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၆ သိန်းမှ ၁၉ သိန်းခန့်ဈေးရှိကြောင်း၊ Scoopyi အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၄ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၄ သိန်း မှ ၁၇ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ 110 အမျိုးအစား ငွေကျပ် ၅ သိန်း ၅ သောင်းမှ ၇ သိန်း ၉ သောင်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး /125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၆ သိန်း ၇ သောင်းမှ ၈ သိန်း ၂ သောင်းခန့်၊ ဆိုင်ကလုန် အမျိုးအစားမှာ ငွေကျပ် ၁၄ သိန်း ၃ သောင်း၊ Toyomax ဒို အမျိုးအစားမှာ ငွေကျပ် ၁၁ သိန်း ၈ သောင်း၊ MSX (Super Anbo ) အမျိုးအစားမှာ ငွေကျပ် ၈ သိန်း၊ Tricker (Toyomax) အမျိုးအစားမှာ ငွေကျပ် ၁၀ သိန်း ၅ သောင်းခန့်ရှိကြောင်း သိရသည်။

ယခုတစ်ပတ် မန္တလေးကားဈေးကွက်အတွင်း ယခင်ပတ်များက အရောင်းအဝယ်ဖြစ်ခဲ့သည့် မီနီထရပ် (ခွေးဘီလူး) ကားများအရောင်းအဝယ်အေးသွားကာ နံပါတ်ထွက်ပြီးသည့် ဖရီးပါမစ်ကားများမှာ ငွေကျပ် ၁၅ သိန်းမှ သိန်း ၂၀ ခန့်ထိ ဈေးနှုန်း မြင့်တက်လျက်ရှိကြောင်း သိရသည်။ မန္တလေး ကားဈေးကွက်အတွင်း ဖရီးပါမစ်ကားများဖြစ်သည့် Honda Fit ၊ Honda Insight ၊ Nissan March ၊ Mazda Demio ကားလေးများ အရောင်းအဝယ်အနည်းငယ်ဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် စလစ်ဈေးနှုန်း

များ ပြန်လည်မြင့်တက်လာပြီး စလစ်ကပ်ကားများ ဈေးမြင့်လာသကဲ့သို့ ဒေါ်လာဈေးမြင့်တက်မှုကြောင့် ဈေးကွက်အတွင်းရှိ မော်တော်ယာဉ်မျိုးစုံ ဈေးနှုန်းမြင့်တက်မှုရှိကြောင်းသိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် သိန်း ၁၁၀၊ တိုက်ကြေစလစ် ငွေကျပ်သိန်း ၈၀၊ စက်မှုဇုန်လူစီးစလစ် ငွေကျပ် ၉၅ သိန်း၊ ဖောက်စွပ်စလစ် ငွေကျပ် ၁၀၂ သိန်း၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၁၀ ခန့်တွင် ဈေးငြိမ်နေကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဇီယက်နမ်နည်းပညာဖြင့် ငါးရှဉ့်မွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ဆောင်မည်

ဇီယက်နမ်နည်းပညာဖြင့် ငါးရှဉ့်မွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ဆောင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်က ပြောပြ၍ သိရသည်။

ဇီယက်နမ်နည်းပညာအတိုင်း ငါးရှဉ့်မွေးမြူခြင်းသုတေသန စမ်းသပ်မှုများကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ၂၀၁၈ ခုနှစ်တွင် ပြုလုပ်ခဲ့ကြောင်း၊ ကိုဗစ်အခြေအနေကြောင့် ယာယီရပ်နားခဲ့ရာမှ ယခုနှစ် မတ်လအတွင်း ပြန်လည်စမ်းသပ် လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

"တီလားဗီးယား ငါးမွေးမြူသူတွေကို ငါးရှဉ့်သားဖောက်တဲ့ နည်းပညာပိုင်းလုပ်ချင် သလားမေးကြည့်တဲ့အခါ သူတို့ကလဲ လုပ်ချင်တဲ့အတွက် ဒီနည်းပညာကို ဆက်လုပ်နေပါတယ်။ ဒီနည်းပညာက ဗီယက်နမ်နည်းပညာလဲ ဖြစ်နေတယ်။ ဒီမှာလဲ ငါးလုပ်ငန်းအဖွဲ့ချုပ်ကလဲ လုပ်ခဲ့ဖူးတယ်။ လုပ်တုန်းကလဲ အောင်မြင်တယ်။ ဒီနည်းပညာနဲ့ အောင်မြင်သွားအောင်လုပ်ပြီးရင် ငါးမွေးမြူသူတွေကို ဒီနည်းပညာပေးဖို့ အစီအစဉ်ရှိပါတယ်"ဟု ဒေါ်တိုးနန္ဒာတင်ကပြောပြသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ ရေထွက်ကုန်များ အိမ်နီးချင်းနိုင်ငံများသို့တင်ပို့နိုင်ရေး အပြန်အလှန်သဘောတူစာချုပ်များ လက်မှတ်ရေးထိုးရန် လုပ်ဆောင်နေကြောင်း၊ မွေးမြူရရှိလာသည့် ငါးရှဉ့်များကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတဆင့် ပြည်ပသို့ တင်ပို့သွားမည်ဖြစ်ရာ ငါးရှဉ့်မွေးမြူသူများအတွက် သက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း ၎င်းကဆက်လက် ပြောပြသည်။

အဆိုပါ ဗီယက်နမ်နည်းပညာဖြင့် မွေးမြူသည့်အခါ ငါးရှဉ့်ကုန်ကြမ်းကို လယ်မှရယူနိုင်ပြီး အစာအဖြစ် ခရုကိုသာ ကျွေးရမည်ဖြစ်သည့်အတွက် ကုန်ကျစရိတ်သက်သာသဖြင့် မွေးမြူသူများအဆင်ပြေမှုများရှိကြောင်း၊ ငါးရှဉ့်ကို ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့မှ ပြည်ပသို့ အဓိကထားတင်ပို့နေကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## မြန်မာ-ထိုင်း ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ဇောဓိကမ်းတံတား ဖွင့်လှစ်မည်

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီ-မောတောင်လမ်းပေါ်ရှိ တနင်္သာရီမြို့နှင့်ဇောဓိကမ်းကျေးရွာဘက်ခြမ်း ကျေးရွာအုပ်စု များသို့ ဆက်သွယ်ပေးမည့် ချောင်းငယ်မြစ်ကူး ဇောဓိကမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ မကြာမီဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဇောဓိကမ်းတံတားသည် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးအတွက် အဓိကလမ်းကြောင်းပေါ်တွင်ရှိသည့် တံတားတစ်စင်း ဖြစ်ပြီး ပြီးခဲ့သည့်အစိုးရလက်ထက်ကဆောင်ရွက်ခဲ့သည့် ယင်းတံတားစီမံကိန်းသည် တနင်္သာရီ-မောတောင်လမ်းပေါ်ရှိ ငဝန်မြစ် ကို ဖြတ်သန်းတည်ဆောက်ထားသည့် တံတားစီမံကိန်းဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ဇောဓိကမ်းတံတားတည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)က ၂၀၁၈ ခုနှစ် မေ ၁ ရက်မှစတင်ကာ တာဝန်ယူတည်ဆောက်လျက်ရှိရာ ယနေ့အချိန်အထိ တံတား တစ်စင်းလုံး၏ ၈၄ ရာခိုင်နှုန်းပြီးစီးနေပြီးဖြစ်၍ မတ် ၃၁ ရက်တွင် အပြီးသတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗောဓိကမ်းတံတားသည် အရှည် ၇၈၇ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေစီ၊ တံတားခန်းဖွင့်မှု ၃၀ မီတာ x ၈ ခန်းပါရှိပြီး တံတားအမျိုးအစားမှာ အောက်ခြေအုတ်မြစ် အချင်း ၁ ဒသမ ၂ မီတာ ရှိသော ဘိုးပိုင်ဖြစ်၍ ကိုယ်ထည်မှာ ကွန်ကရစ်၊ အပေါ်ထည်မှာ P.C Girder & Decking Slab ၊ ရေလမ်းကင်းလွတ်အကျယ် ၆၆ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ခုနစ်ပေ ဖြစ်ပြီး ခွင့်ပြုယာဉ်နှင့် ကုန်အလေးချိန်မှာ ၇၅တန်ဖြစ်ကြောင်းသိရသည်။

ထိုဗောဓိကမ်းတံတား စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သန်း ၂၄၅၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေ ကျပ်သန်း ၁၁၅၀ တို့ဖြင့် ဆောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

ယင်းတံတားစီမံကိန်း ပြီးစီးသွားပါက မြန်မာ-ထိုင်း နယ်စပ်မောတောင်မှ တနင်္သာရီသို့အသွား သဲဖြူမှတစ်ဆင့် တနင်္သာရီသို့ မောင်းနှင်သွားလာနိုင်မည်ဖြစ်ပြီး မြန်မာထိုင်းနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ယခင်က တနင်္သာရီကမ်းမှ ဗောဓိကမ်းဘက်သို့သွားရောက်ရန် ဝေနံမြစ်ကို စက်ရေယာဉ်၊ လှေငယ်များအသုံးပြုကာ သွားလာခဲ့ရကြောင်း သိရသည်။

**Source:** http://sdtimedaily.com/

## စီးပွားရေးသံမှူးသတင်းများ

### စင်ကာပူနှင့်ပြင်သစ်နှစ်နိုင်ငံအကြား ဒီဂျစ်တယ်နှင့်အစိမ်းရောင်စီးပွားရေး မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်အား လက်မှတ်ရေးထိုးခဲ့ခြင်း

ပြင်သစ်-စင်ကာပူ ဒီဂျစ်တယ်နှင့်အစိမ်းရောင်စီးပွားရေး မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် (France – Singapore Digital and Green Partnership – DGP) ကို စင်ကာပူနိုင်ငံဘက်မှ ကုန်သွယ်မှုဆက်ဆံရေးဝန်ကြီး S Iswaran နှင့် ပြင်သစ်နိုင်ငံဘက်မှ နိုင်ငံခြားကုန်သွယ်မှုနှင့်စီးပွားရေးဆွဲဆောင်မှုဝန်ကြီး Franck Riester တို့က virtual နည်းလမ်းဖြင့် ၁၄-၃-၂၀၂၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။

၎င်းသဘောတူညီချက်သည် နှစ်နိုင်ငံအကြား ဒီဂျစ်တယ်နှင့်အစိမ်းရောင်စီးပွားရေး (သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုနည်းပါးသော စီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်ခြင်း) ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ပလက်ဖောင်းတစ်ခုဖြစ်ပါကြောင်း၊ DGP ဖြင့် ခေတ်မီသောသယ်ယူပို့ဆောင်ရေး၊ ခေတ်မီသောမြို့များ၊ ဆိုက်ဘာလုံခြုံရေး၊ ငွေရေးကြေးရေး ဆိုင်ရာဆန်းသစ်တီထွင်မှု၊ စိုက်ပျိုးရေးထွက်ကုန်ထုတ်လုပ်မှုနည်းပညာများ၊ ဆေးဘက်ဆိုင်ရာနည်းပညာများ နှင့် ပညာရေးဆိုင်ရာနည်းပညာများကဲ့သို့သော ကဏ္ဍအသီးသီးတွင် ပူးပေါင်း ဆောင်ရွက်သွားနိုင်မည့်စီမံကိန်းများပါဝင်သည့် လုပ်ငန်းစီမံချက်တစ်ခုကို ဖော်ထုတ်သွားကြမည်ဖြစ်ပါကြောင်း၊ DGP ၏ရည်ရွယ်ချက်မှာ နိုင်ငံ၏ စီးပွားရေးယှဉ်ပြိုင်နိုင်မှု စွမ်းအားကိုမြှင့်တင်နိုင်ရန်နှင့် ပြည်သူများအတွက် ရေရှည်တည်တံ့သော အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ရန်အတွက် ဒီဂျစ်တယ်နှင့်အစိမ်းရောင်နည်းပညာများကို အသုံးချဆောင်ရွက်သည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုများနှင့် ပုဂ္ဂလိကကဏ္ဍ၏ ဦးဆောင်ဦးရွက်ပြုမှုများကို ပံ့ပိုးပေးနိုင်ရန်ဖြစ်ပါကြောင်း၊ DGP အား အကောင်အထည်ဖော်ဆောင်ရွက်မှုများကို စောင့်ကြည့်ကြီးကြပ်နိုင်စေရန်အတွက် ပြင်သစ်နှင့်စင်ကာပူနိုင်ငံတို့၏ အစိုးရအရာရှိများပါဝင်သော ပူးတွဲလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတည်ထောင်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

ပြင်သစ်-စင်ကာပူ ဒီဂျစ်တယ်နှင့် အစိမ်းရောင်စီးပွားရေး မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်သည် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာနေသော ဒီဂျစ်တယ်နှင့်အစိမ်းရောင်စီးပွားရေးပိုင်းတို့တွင် စင်ကာပူနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် SMEs များမှ အခွင့်အလမ်းကောင်းများကို ရယူဆုပ်ကိုင်နိုင်စေရေးအထောက်အကူပြုမည့် စင်ကာပူ၏ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုကွန်ရက်တည်ထောင်ရန်မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်ပါကြောင်း Mr Iswaran က ပြောကြားခဲ့သည်။

စင်ကာပူနှင့်ပြင်သစ်တို့သည် ခိုင်မာသော နှစ်နိုင်ငံကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ဆက်ဆံရေးရှိပါကြောင်း၊ ကုန်စည်ကုန်သွယ်မှုအပိုင်း၌ အီးယူနိုင်ငံများအနက် ပြင်သစ်သည် စင်ကာပူ၏ ဒုတိယမြောက်အများဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သကဲ့သို့

ဝန်ဆောင်မှုကုန်သွယ်ရေးအပိုင်းတွင် စင်ကာပူ၏ စတုတ္ထမြောက်အများဆုံး မိတ်ဖက်နိုင်ငံလည်းဖြစ်ပါကြောင်း၊ ရင်းနှီး မြှုပ်နှံမှုအပိုင်းတွင် အီးယူနိုင်ငံများအနက် ပြင်သစ်သည် စင်ကာပူတွင် ပဉ္စမမြောက်အများဆုံး ရင်းနှီးမြှုပ်နှံထားသည့်နိုင်ငံ ဖြစ်ကြောင်း၊ အလားတူစွာပင် စင်ကာပူသည် အာဆီယံနိုင်ငံများအနက် ပြင်သစ်၏ ထိပ်တန်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမိတ်ဖက်နိုင်ငံဖြစ်ပါကြောင်း၊ စင်ကာပူနိုင်ငံတွင် ပြင်သစ်စီးပွားရေးလုပ်ငန်းပေါင်း ၂၅၀၀ ကျော်နှင့် ပြင်သစ်ဖွံ့ဖြိုးစလုပ်ငန်း (startup) ၃၀၀ ကျော်ရှိပြီး၊ စင်ကာပူပညာရေးနှင့်သုတေသနစင်တာများတွင် ပြင်သစ်သုတေသီ ၂၀၀ ကျော် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါသည်။

Source: Ministry of Trade & Industry, Singapore

**မြတ်နိုး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ)**

## တရုတ်နိုင်ငံ၊ ပုလဲမြစ်ဝှမ်းတွင် ငါးဖမ်းယူမှုကို ခေတ္တတားမြစ်ထား

ယခုနှစ်၊ မတ်လ (၁)ရက်နေ့မှစ၍ တရုတ်နိုင်ငံ၊ ပုလဲမြစ်ဝှမ်း၌ ငါးဖမ်းယူမှုကို (၄) လကြာ တားမြစ်ထားပါသည်။ အဆိုပါ ငါးမဖမ်းရနေရာများတွင် ယူနန်ပြည်နယ်၊ Qujing မြို့၊ Zhanyi စီရင်စုရှိ ပုလဲမြစ် အဓိကမြစ်ဖျားခံရာ ချောင်းများ၊ မြစ်လက်တက်များ၊ ရေကန်များအားလုံးမှ ကွမ်တုန်းပြည်နယ် (Shangchuan ကျွန်း – Beijian ကျွန်းမြောက်ဘက်)ရှိ ပုလဲမြစ်ဝ အထိပါဝင်ပါသည်။ ၎င်းနေရာများတွင် အပျော်ငါးဖမ်းခြင်းမှအပ ကျန်ငါးဖမ်းယူမှုများအားလုံးကို တားမြစ်ထားပါသည်။

ထိုကဲ့သို့တားမြစ်ရခြင်းမှာ ရေသတ္တဝါများနေထိုင်ကြသည့် ဂေဟပတ်ဝန်းကျင် ရင်းမြစ်များကို ကာကွယ်ထိန်းသိမ်းရန် အတွက်ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် စတင်ဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် (၁၂)နှစ်မြောက်ရှိပြီ ဖြစ်ပါသည်။ ဤကဲ့သို့ ဆောင်ရွက်လာခြင်းကြောင့် ပုလဲမြစ်ရှိ ရေသယံဇာတများကို သိသာစွာပြန်လည်ထိန်းသိမ်းထားနိုင်ပြီဖြစ်ကာ၊ ရေထွက်ကုန်များ ထုတ်လုပ်မှုမှာလည်း တိုးတက်လာပြီး၊ ရေလုပ်ငန်းလုပ်ကိုင်သူများ၏ ဝင်ငွေများလည်း တိုးပွားလာကြောင်း သိရှိရပါသည်။

Source: newsgd.com (၃-၂-၂၀၂၂)

**ဒေါက်တာရွှေစင်ကို (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-နန်နင်း)**

## ၂၀၂၁-၂၂ ဘဏ္ဍာနှစ်၌ အိန္ဒိယနိုင်ငံ၏ ပြည်ပသို့ ဂျုံတင်ပို့မှု မြင့်တက်လာခြင်း

ယူကရိန်းနိုင်ငံသို့ ရုရှားနိုင်ငံ၏ကျူးကျော်မှုက ကမ္ဘာ့ဂျုံတင်ပို့မှု ဈေးကွက်ဝေစုအား ၃၀ ရာခိုင်နှုန်းခန့် ရယူထားသည့် ပင်လယ်နက်ဒေသမှ ဂျုံပေးသွင်းမှု ကွင်းဆက်ကို ပုံပျက်ယွင်းစေ လျက် ယခုရက်သတ္တပတ်တွင် နိုင်ငံတကာ ဂျုံဈေးနှုန်းများအား ၁၄ နှစ်တာကာလ၌ အမြင့်ဆုံး အခြေအနေသို့ ရောက်ရှိစေခဲ့ရာ လွန်ခဲ့သော ရက်အနည်းငယ်အတွင်း အိန္ဒိယကုန်သည်များသည် ပြည်ပသို့ ဂျုံတန်ချိန် ၅ သိန်းအထိ တင်ပို့ရန် အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုနိုင်ခဲ့ကြကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၌ ရာသီဥတုကောင်းမွန်ခြင်း၊ အထွက်နှုန်းမြင့်မားသည့် မျိုးများ အသုံးပြုခြင်း၊ အစိုးရက တောင်သူများသို့ စိုက်ပျိုးရေး အထောက်အပံ့များပေးခြင်းတို့အရ ၅ နှစ်ဆက်တိုက် ဂျုံအထွက်နှုန်းစံချိန်တင် မြင့်တက်ခဲ့ပြီး လက်ရှိကာလတွင် ပြည်တွင်းရှိသိုလှောင်ရုံများ၌ ဂျုံလက်ကျန်အများပြား ကျန်ရှိနေပါသည်။ ကမ္ဘာ့ဂျုံစိုက်ပျိုးထုတ်လုပ်မှု ဒုတိယအများဆုံးဖြစ်ပြီး ပစ္စုပ္ပန်ကာလ၌ နိုင်ငံတကာဈေးကွက်သို့ အဓိပေးသွင်းနိုင်သည့် တစ်ခုတည်းသောနိုင်ငံအဖြစ် ရောက်ရှိလာသည့်အပြင် ပြည်ပဈေးကွက်များ၌ ဈေးနှုန်းများ မြင့်တက်လာခြင်း၊ အမေရိကန်ဒေါ်လာငွေနှင့်နှိုင်းယှဉ်ပါက ရူပီးငွေတန်ဖိုးသည် စံချိန်တင် ကျဆင်းလျက်ရှိခြင်းတို့က အိန္ဒိယ ကုန်သည်များအတွက် ပြည်ပသို့ ဂျုံတင်ပို့ရန် ဆွဲဆောင်မှုဖြစ်ပေါ်လျက်ရှိသည်။

ယခင်ကာလများ၌ တောင်သူများထံသို့ စိုက်ပျိုးစရိတ်ထောက်ပံ့မှုများနှင့် ဈေးနှုန်းအာမခံ အထောက်အပံ့များကို အစိုးရက နှစ်စဉ်ပေးအပ်မှုများကြောင့် ပြည်တွင်းထုတ်လုပ်မှုစရိတ် ကြီးမြင့်လျက် ပြည်ပဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရန်တွင် အိန္ဒိယကုန်သည်များအနေဖြင့် ခက်ခဲစွာရုန်းကန်ခဲ့ကြရပါသည်။ အိန္ဒိယပြည်တွင်း၌ အစိုးရက ဂျုံ ၁ တန်လျှင် ၂၅၇ အမေရိကန်ဒေါ်လာခန့် ဈေးနှုန်းအာမခံထားရှိချိန်တွင် ၇-၃-၂၀၂၂ နေ့၌ ဥရောပဈေးကွက်တွင် ဂျုံ ၁ တန်ဈေးနှုန်းမှာ ယူရိုငွေ ၄၀၀ (အမေရိကန်ဒေါ်လာ ၄၃၅ ခန့်) အထိ မြင့်တက်ခဲ့ပြီး ချီကာဂိုဈေးကွက်တွင်လည်း ၁၄ နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။

သို့ဖြစ်ရာ ကမ္ဘာ့ဂျုံဈေးနှုန်းများ မြင့်တက်ခြင်းက အိန္ဒိယကုန်သည်များအတွက် ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လွယ်ကူမှုဖြစ်ပေါ်စေလျက်ရှိကြောင်း၊ နိုင်ငံတကာမှ ဂျုံဝယ်လက်များသည် ပုံမှန်ပေးသွင်းနိုင်မည့် အိန္ဒိယ ဈေးကွက်ဘက်သို့ ဦးလှည့်လာခဲ့ကြကြောင်း၊ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း ဂျုံတန်ချိန် ၅ သိန်းတင်ပို့ရန် စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်ဟု ကုန်သည်အသိုင်းအဝိုင်းက အတည်ပြုပြောဆိုကြောင်း၊ Unicorp Pvt Ltd. မှ လုပ်ငန်းရှင် Mr. Rajesh Paharia Jain က အိန္ဒိယပို့ကုန်လုပ်ငန်းများသည် အဆိုပါ ဂျုံအရောင်းအဝယ်စာချုပ်များအား ကုန်ချိန် ၁ တန်လျှင် သင်္ဘော ကုန်းပတ်ပေါ် အရောက် (FOB) ဈေးနှုန်း အမေရိကန်ဒေါ်လာ ၃၄၀ မှ ၃၅၀ ခန့်ဖြင့် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်ဟု ပြောကြားကြောင်း၊ ယခင်က အိန္ဒိယ ကုန်သည်များသည် ဂျုံ ၁ တန်လျှင် FOB ဈေးနှုန်း အမေရိကန်ဒေါ်လာ ၃၀၅ မှ ၃၁၀ အတွင်းသာ ရရှိခဲ့ကြကြောင်းဖြင့် အိန္ဒိယ Economic Times သတင်းဌာနက ဖော်ပြပါသည်။

၅-၃-၂၀၂၂ နေ့၌ သတင်းထောက်များနှင့်တွေ့ဆုံရာတွင် အိန္ဒိယစားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီးဌာနမှ အတွင်းဝန် Mr. Sudhanshu Pandey က ၂၀၂၁-၂၂ ဘဏ္ဍာနှစ်အတွင်း ဖေဖော်ဝါရီလကုန်အထိ အိန္ဒိယ၏ ပြည်ပသို့ ဂျုံတင်ပို့မှုမှာ တန်ချိန် ၆.၆ သန်း ရှိပြီဖြစ်ကြောင်း၊ ၎င်းပမာဏသည် ၂၀၁၂-၁၃ ခုနှစ်၌ ပြည်ပသို့ ဂျုံတင်ပို့မှု အမြင့်ဆုံးစံချိန် တင်ထားသည့် တန်ချိန် ၆.၅ သန်းကို ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ ပြည်တွင်း၌ ယခုနှစ် စိုက်ပျိုး ထုတ်လုပ်သည့် ဂျုံသီးနှံများသည် အစောဆုံးအားဖြင့် မတ်လ ၁၅ ရက်နေ့ဝန်းကျင်မှစတင်၍ ဈေးကွက်သို့ ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း၊ စစ်ပွားလျက်ရှိသော ယူကရိန်းနှင့်ရုရှားနိုင်ငံတို့မှ ဂျုံအသစ်များမှာ ဩဂုတ်၊ စက်တင်ဘာလများကျမှသာ ရင့်မှည့်မှုရှိမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ  လက်ရှိကာလတွင် ကမ္ဘာ့ဂျုံဈေးနှုန်းများမှာ မြင့်တက်လျက်ရှိပြီး ၁ တန်လျှင် ရူပီးငွေ ၂၄၀၀၀ မှ ၂၅၀၀၀ အတွင်း အရောင်းအဝယ်ဖြစ်ပေါ်နေကြောင်း၊ ယခုဘဏ္ဍာနှစ်၌ ပြည်ပသို့ ဂျုံတင်ပို့မှု တန်ချိန် ၇ သန်းကျော်ရရှိအောင် ကျန်ရှိသည့် တစ်လမျှသော အချိန်ကာလအတွင်း ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ရကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာန၏ ဒုတိယအကြိမ် ကနဦးကြိုတင်ခန့်မှန်းချက်၌ ၂၀၂၁-၂၂ စိုက်ပျိုးရေးနှစ် (ဇူလိုင်လမှ ဇွန်လထိ) တွင် ဂျုံတန်ချိန် ၁၁၁. ၃၂ သန်းအထိ ထွက်ရှိမည်ဟု ခန့်မှန်းထားပါသည်။ လက်ရှိကာလတွင် အိန္ဒိယအစိုးရလက်ဝယ်၌ အရန်ဂျုံအား လျာထားသည့် တန်ချိန် ၁၃.၈ သန်းထက် များစွာပိုမိုလျက် စုစုပေါင်းတန်ချိန် ၂၈.၂၇ သန်းအထိ သိုလှောင်ထားရှိပြီးဖြစ်ပါသည်။

အိန္ဒိယကုန်သည်များအနေဖြင့် ဝယ်လိုအားမြင့်တက်လျက်ရှိသော နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်စသည့် အာရှဒေသရှိနိုင်ငံများသို့ ကုန်စည်တင်ပို့ခနှုန်းထား နည်းပါးစွာဖြင့်တင်ပို့နိုင်မည့်အပြင် အရှေ့အလယ်ပိုင်းဒေသသို့လည်း အခြားနိုင်ငံများနှင့်ယှဉ်ပြိုင်၍ သယ်ယူပို့ဆောင်စရိတ်လျှော့နည်းစွာဖြင့် တင်ပို့နိုင်ဖွယ်ရှိပါသည်။ သို့ရာတွင် ကုန်သည်အချို့ကမူ အိန္ဒိယဆိပ်ကမ်းများ၏ ကုန်အတင်အချ လုပ်ဆောင်နိုင်စွမ်းကန့်သတ်ချက်၊ ပြည်တွင်းရှိ ကုန်စည် ထွက်ရှိရာဒေသများမှ အဓိကဆိပ်ကမ်းများသို့ သယ်ယူပို့ဆောင်စရိတ် မြင့်တက်လာနိုင်မှုနှင့် ကုန်တင်ရထားတွဲပြတ်လပ်မှုများက ပို့ကုန်လုပ်ငန်းဆောင်ရွက်မှုအပေါ် နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်စေနိုင်ကြောင်း ပြောဆိုလျက်ရှိကြသည်။

Source: Economic Times

India's wheat exports surge as world prices soar, 9-3-2022

India signs deals to export 500,000 T wheat, as global prices surge, 9-3-2022

India's wheat exports pick up amid Russia-Ukraine war, says Food Secretary Sudhanshu Pandey, 5-3-2022

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

# STOCK EXCHANGE (18.3.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 18th Mar. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 268 | 2,144,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,800 | +0 | +0.00% | 2,750 | 2,900 | 2,750 | 1,749 | 4,887,000 | 38,929,150 | 109,002 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 2 | 15,800 | 10,400,986 | 82,168 |
| FPB | 00004 | 19,000 | +500 | +2.70% | 19,000 | 19,000 | 19,000 | 1 | 19,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,600 | 2,650 | 2,600 | 81 | 210,900 | 12,823,224 | 33,982 |
| EFR | 00006 | 2,850 | +100 | +3.64% | 2,650 | 2,850 | 2,650 | 107 | 284,750 | 19,977,223 | 56,935 |
| AMATA | 00007 | 5,100 | +0 | +0.00% | 4,900 | 5,100 | 4,900 | 10 | 50,800 | 10,497,598 | 53,538 |


## Market summary

As of 18th Mar. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 372.19 | +2.23 | +0.60% | 366.49 | 372.19 | 366.49 | 2,218 | 7,612,250 | 7 | 647,472 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 18th Mar. 2022

| MYANPIX | 372.19 ▲ 2.23 |
|---|---|
| Total Volume (shares) | 2,218 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 647,472 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,800 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 500 |
| TMH | 00005 | 2,650 | ▲ 50 |
| EFR | 00006 | 2,850 | ▲ 100 |
| AMATA | 00007 | 5,100 | ▲ 0 |